REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၃၀၀ ကျပ်  K 300

( ၁ )

**" Motor Cycle အရောင်းအဝယ်- နှစ်ဦးသဘောတူကတိစာချုပ်"**

**Brand New UMG Motor Selena (Cream, Champagne , Red, Black, White) (5) Units**

**(SO No. BMC-BSO-UNT-2024-011-0004)**

**Contract No. WL-MS-580/2024**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New UMG Motor Selena (5) Units – Motor Cycle အရောင်းအဝယ် သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ-

Motor Cycle ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of UMG Motor Co., Ltd.)
အမှတ်(၃၈)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Motor Cycle ဝယ်ယူသူ ။ ။ ဦးဝေဖြိုးနိုင် (ဘ) ဦးမြင့်နိုင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၁၄/မမက(နိုင်)၂၅၃၃၉၆
နေရပ်လိပ်စာ- အမှတ်(၇၈၃)၊ (၈)ရပ်ကွက်၊ မအူပင်မြို့။
ဖုန်း- ၀၉-၄၂၂၇၇၁၁၄၀။

(Motor Cycle ရောင်းချသူနှင့် Motor Cycle ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ Motor Cycle ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Motor Cycle ရောင်းချသူမှ ပိုင်ဆိုင်သော Brand New UMG Motor Selena (5) Unit အတွက် စုစုပေါင်းတန်ဖိုးငွေကျပ်- ၂၁,၅၀၀,၀၀၀/ (မြန်မာကျပ်- နှစ်ရာတစ်ဆယ့်ငါးသိန်းကျပ်တိတိ) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို Landed Yangon နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင်ဝယ်ယူရန် Motor Cycle ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ Motor Cycle ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ Motor Cycle ဝယ်ယူသူသည် မိမိဝယ်ယူသည့် Motor Cycle ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။

<u>ငွေပေးချေခြင်းစနစ်</u>

၃။ Motor Cycle ဝယ်ယူသူသည် Brand New UMG Motor Selena (5)Units အတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေကျပ်-၁၇,၂၀၀,၀၀၀/ (မြန်မာကျပ်- တစ်ရာခုနှစ်ဆယ့်နှစ်သိန်းကျပ်တိတိ) ကို (၂၀-၁၁-၂၀၂၄) ရက်နေ့တွင် (RV NO. HQT-RV-2024-11-0593 , HQT-RV-2024-11-0614) တို့ဖြင့် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

၄။ Motor Cycle ဝယ်ယူသူသည် Brand New UMG Motor Selena (5)Units အတွက် ကျန်ငွေ ကျပ်-၄,၃၀၀,၀၀၀/ (မြန်မာကျပ်- လေးဆယ့်သုံးသိန်းကျပ်တိတိ) ကို Licenses Process Run ပြီးချိန် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

စာမျက်နှာ(၂)သို့

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၃၀၀ ကျပ် | K 300



၅။ Motor Cycle လွှဲပြောင်းချိန် ။ ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ။

<u>ရောင်းချသူ၏တာဝန်များ</u>

၆။ Motor Cycle ရောင်းချသူသည် Motor Cycle ဝယ်ယူသူထံသို့ Motor Cycle ကို ၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ Motor Cycle နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူ တစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ Motor Cycle ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၇။ ဤစာချုပ်နှင့်ပူးတွဲပါ စာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၈။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက UMG Motors **Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် Motor Cycle ဝယ်သူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို Motor Cycle များရောင်းချသူနှင့် Motor Cycle ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည် သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်း စသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| <u>Motor Cycle ရောင်းချသူ</u> | <u>Motor Cycle ဝယ်ယူသူ</u> |
| --- | --- |
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်) ၁၁၄၄၁၁) | ဦးဝေဖြိုးနိုင် (၁၄/မမက(နိုင်)၂၅၃၃၉၆) |
| (for and on the behalf of UMG Motor Co., Ltd.) | |

<u>အသိသက်သေများ</u>

| | | | |
| --- | --- | --- | --- |
| လက်မှတ် | - | လက်မှတ် | - ---------------------- |
| အမည် | - ကောင်းထက်ကျော် | အမည် | - ---------------------- |
| နငသအမှတ် | - ၁၂/ရပသ(နိုင်)၁၀၉၁၂၃ | နငသအမှတ် | ---------------------- |
| နေရပ် | - အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန် | နေရပ် | - ---------------------- |
| | - လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | | - ---------------------- |

လက်မှတ် -

အမည် - ဦးညွန့်ဝေစိုး

နငသအမှတ် - ၈/ခမန(နိုင်)၁၇၈၇၆၉

နေရပ် - အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

SCAN AnyScanner